BIBLE
316

# သမ္မာကျမ်းစာ ဆိုတာဘာလဲ?

**သမ္မာကျမ်းစာ ဆိုတာဘာလဲ?** ဤစာအုပ်မှာ ဘုရားသခင်က သင့်အား စကားပြောစေသော စာအုပ်ဖြစ်သည်။ ၎င်းသည် ဘုရားသခင်အကြောင်း သက်သက်မဟုတ်ဘဲ၊ ၎င်းသည်ပင် ဘုရားသခင်ထံမှလာခြင်း ဖြစ်သည်။ ဘုရားသခင်မှုတ်သွင်း (အသက်သွင်းတော်မူသော) ကျမ်းစာဖြစ်ပါသည်။ ထို့ကြောင့် သမ္မာကျမ်းစာကို ဖတ်ပါ၊ အသံတော်ကို နားထောင်ပါ၊ ဆင်ခြင်ပါ၊ မိမိအသက်တာထဲတွင် လက်တွေ့ ကျင့်သုံးပါ။ တမန်တော် ရှင်ပေတရုက၊ *"ထို့ကြောင့်၊ သင်တို့သည် သခင်ဘုရား၏ ကျေးဇူးတော်ကို မြည်းစမ်းကြသည်ဖြစ်၍၊ အမျိုးမျိုးသော မနာလိုခြင်း၊ လှည့်ဖြားခြင်း၊ လျှို့ဝှက်ခြင်း၊ ငြူစူခြင်း၊ ကဲ့ရဲ့ခြင်းရှိသမျှကို ပယ်ရှား၍၊ ကယ်တင်ခြင်းအလို့ငှာ နှုတ်ကပတ်တရား၏ နို့စစ်အားဖြင့် ကြီးပွားမည်အကြောင်း၊ ဖွားစသောသူငယ်ကဲ့သို့၊ ထိုတရားနို့ကို အလွန် လိုချင်သော စိတ်ရှိကြလော့"* (၁ ပေတရု ၂:၂) ဟုရေးသားထားပါသည်။

**သမ္မာကျမ်းစာကို ဘယ်အရာက တမူထူးခြားစေပါသလဲ။** သမ္မာကျမ်းစာသည် ဘာသာစကား သုံးမျိုး (ဟေဗြဲဘာသာ၊ အာရမိတ်ဘာသာ၊ ဂရိဘာသာ) ဖြင့် ရေးသားသူ အယောက် ၄၀ ကျော်၊ နှစ်ပေါင်း ၁၆၀၀ ခန့် ရာစုနှစ်ပေါင်းများစွာတစ်လျှောက် အကြောင်းအရာဆိုလိုရင်း တစ်ခုတည်းကိုသာ တသမတ်တည်း ထူးခြားစွာ ရေးသားခဲ့ကြပါသည်။ ဓမ္မသစ်ကျမ်းကို ရှေးဟောင်းကျမ်း မူရင်း လက်ရေးစာမူ အပြည့်အစုံနှင့် အစိတ်အပိုင်း ၅၀၀၀ ကျော်ခန့်ဖြင့် အစစ်အမှန်ဖြစ်ကြောင်း အတည်ပြုထားပါသည်။ သမ္မာကျမ်းစာ၏ တိကျမှန်ကန်မှုသည် ၎င်း၏ပရောဖက်ပြုချက် ပြည့်စုံလာခြင်း၊ ခေတ်သစ် ရှေးဟောင်းသုတေသန တွေ့ရှိချက်များ၊ ပထဝီဝင်အနေအထားအရ တိကျမှန်ကန်မှုများ၊ သုတ္တံကျမ်းပါ ခေတ်အဆက်ဆက်မှန်ကန်သော ဉာဏ်ပညာ အဆိုအမိန့်များစွာတို့ဖြင့် အတည်ပြုပေးလျက်ရှိပါသည်။ သမ္မာကျမ်းစာသည် သမိုင်းတစ်လျှောက် ရေးသားဖူးသမျှစာအုပ်ထဲတွင် အရေးပါ၍ ဩဇာလွှမ်းမိုးမှုအပေးဆုံးသော စာအုပ်ဖြစ်သည်။ မည်သည့်စာအုပ်မျှ သမ္မာကျမ်းစာအုပ်လောက် ပုံနှိပ်ထုတ်ဝေခြင်း၊ ကမ္ဘာလုံးဆိုင်ရာ ဖြန့်ဝေမှု၊ ဘာသာစကားပေါင်း မြောက်များစွာဖြင့် ဘာသာပြန်ဆိုခြင်း၊ အသက်တာကို ပြောင်းလဲပေးနိုင်သော တန်ခိုးနှင့် ရာစုနှစ်ပေါင်းများစွာ အသစ်အဆန်းဖြစ်သော စာအုပ်ကောင်းအဖြစ် မတည်ရှိဖူးပါ။ သမ္မာကျမ်းစာသည် ယုံကြည်သင့်သော စာအုပ်၊ မည်သို့အသက်ရှင်ရမည်ကို လမ်းညွှန်ပေးသောအခွင့်အာဏာရှိသော စာအုပ်ဖြစ်သည်။ သမ္မာကျမ်းစာသည် လောကရှိ စာအုပ်များအထက်တွင် ပထမ၊ အမြင့်မြတ်ဆုံး စာအုပ်အဖြစ် ရပ်တည်နေပါသည်။

**သမ္မာကျမ်းစာ၏ ထူးခြားသော လက္ခဏာကား အဘယ်နည်း။**

သမ္မာကျမ်းစာသည် ဘုရားသခင်မှုတ်သွင်းတော်မူသော စာအုပ်ဖြစ်သည်။ *"ထိုကျမ်းစာရှိသမျှသည် ဘုရားသခင် မှုတ်သွင်းတော်မူသော အားဖြင့်ဖြစ်၍၊"* (၂ တိမောသေ ၃:၁၆)

သမ္မာကျမ်းစာသည်စစ်မှန်သော သမ္မာတရားဖြစ်သည်။ ယေရှုက၊ *"ကိုယ်တော်၏သမ္မာတရားအားဖြင့် သူတို့ကို သန့်ရှင်းစေတော်မူပါ။ ကိုယ်တော်၏နှုတ်ကပတ်သည် သမ္မာတရားဖြစ်ပါ၏။"* (ယောဟန် ၁၇:၁၇)

သမ္မာကျမ်းစာသည် အသေးဆုံး အချက်များအထိ တိကျမှန်ကန်သည်။ ယေရှုက၊ *"ငါအမှန်ဆိုသည်ကား၊ ကောင်းကင်နှင့် မြေကြီး မပျက်စီးမီတိုင်အောင်၊ ပညတ္တိကျမ်း၌ အငယ်ဆုံးသော စာလုံးဖိန္ဒုတစ်လုံးမျှ ပြည့်စုံခြင်းသို့ မရောက်မီ မပျက်စီးရ"* (မဿဲ ၅:၁၈)။ မူရင်းကျမ်း လက်ရေးမူအတိုင်း မှန်ကန်တိကျစွာ ထိန်းသိမ်းကာကွယ်ထားသဖြင့်၊ ယနေ့ခေတ်ကာလတွင် စကားလုံးအလိုက် ပြန်ဆိုထားသော ဘာသာပြန်ထဲတွင် ၉၉ ရာခိုင်နှုန်း မူရင်းတိကျသော အကောင်းဆုံး စာအုပ်ဖြစ်သည်။

သမ္မာကျမ်းစာသည် သန့်ရှင်းစင်ကြယ်တော်မူသည်။ *"ထာဝရဘုရားမိန့်တော်မူချက်တို့သည် သန့်ရှင်းခြင်းရှိ၍ မြေနှင့်ကင်းစင်စေခြင်းငှာ၊ မိုက်၌ခုနစ်ကြိမ်စစ်သော ငွေကဲ့သို့ဖြစ်ကြ၏။"* (ဆာလံ ၁၂:၆)

သမ္မာကျမ်းစာသည် ထာဝရ တည်တော်မူသည်။ *"မြက်ပင်သည် ညှိုးနွမ်းသွေ့ခြောက်တတ်၏။ အပွင့်လည်း ကြွေတတ်၏။ ထာဝရဘုရား၏ နှုတ်ကပတ်တရားမူကား၊ ကာလစဉ်အမြဲတည်၏ဟု ဆိုသတည်း"* (ဟေရှာယ ၄၀:၈)။ သမ္မာကျမ်းစာသည် ပထမဦးဆုံး ရေးထားသည့် အချိန်ကဲ့သို့ပင် ယနေ့ကာလအချိန်၌လည်း ကိုက်ညီနေပါသည်။

သမ္မာကျမ်းစာသည် တန်ခိုးနှင့် ပြည့်စုံတော်မူသည်။ ဟေဗြဲ ၄:၁၂ ထဲတွင်၊ *"ဘုရားသခင်၏ နှုတ်ကပတ်တရားတော်သည် အသက်ရှင်ခြင်း၊ တန်ခိုးနှင့် ပြုပြင်ခြင်း၊ သန်လျက်တကာတို့ထက် ထက်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍၊ အသက်နှင့် စိတ်ဝိညာဉ်ကိုလည်းကောင်း၊ အရိုးဆစ်နှင့် ခြင်ဆီကိုလည်းကောင်း ပိုင်းခြား၍ ထုတ်ချင်းခွင်းတတ်၏။ စိတ်နှလုံးအကြံအစည်များကိုလည်း သိမြင်တတ်၏"* ဟုဖော်ပြထားသည်။

**သမ္မာကျမ်းစာထဲမှ တစ်ဦးချင်းအသက်တာအတွက် မည်သည့်အကျိုး ကျေးဇူးများကို ရရှိစေသနည်း။**

သမ္မာကျမ်းစာသည် ကျွန်ုပ်တို့ကို မွမ်းမံပြင်ဆင်ပေးပါသည်။ *"ထိုကျမ်းစာရှိသမျှသည် ဘုရားသခင် မှုတ်သွင်းတော်မူသော အားဖြင့်ဖြစ်၍၊– ဘုရားသခင်၏ လူသည်စုံလင်သောသူ၊ ကောင်းသော အမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလို့ငှာ ပြင်ဆင်သောသူ ဖြစ်မည်အကြောင်း၊ ဩဝါဒပေးခြင်း၊ အပြစ်ကိုဖော်ပြခြင်း၊ ဖြောင့်မတ်စွာ ပြုပြင်ခြင်း၊ တရားကို သွန်သင်ခြင်း ကျေးဇူးများကို ပြုတတ်၏။"* (၂ တိမောသေ ၃:၁၆–၁၇)

သမ္မာကျမ်းစာသည် အပြစ်မပြုမိစေရန် လမ်းပြပေးပါသည်။ ဆာလံ ၁၁၉:၉၊ ၁၁ ထဲတွင် အပြစ်မပြုလုပ်မိစေရန် မည်သို့တားဆီး ပေးသည်ကို ရေးသားထားပါသည်။ *"လူပျိုသည် မိမိသွားသောလမ်းကို အဘယ်သို့ သန့်ရှင်းစေနိုင်ပါမည်နည်းဟူမူကား၊ နှုတ်ကပတ်တော် အတိုင်း သတိပြုရမည်။ ကိုယ်တော်ကို မပြစ်မှားဘဲ နေနိုင်မည် အကြောင်း၊ ဗျာဒိတ်တော်ကို နှလုံးထဲမှာ သိုထားပါပြီ။"*

သမ္မာကျမ်းစာသည် ကျွန်ုပ်တို့အနာဂါတ်အတွက် လမ်းညွှန်ချက် (လိုက်လျှောက်ရမည့် လမ်းကြောင်း) နှင့် ယနေ့ (ရှေ့ဆက်လှမ်းရမည့် ခြေလှမ်းအတွက်) ဦးတည်ရာကို ပြပေးပါသည်။ *"နှုတ်ကပတ်တော်သည် အကျွန်ုပ်ခြေရှေ့မှာ မီးခွက်ဖြစ်၍၊ အကျွန်ုပ်လမ်းခရီးကို လင်းစေပါ၏။"* (ဆာလံ ၁၁၉:၁၀၅)

သမ္မာကျမ်းစာသည် ဉာဏ်ပညာကို ပေးပါသည်။ *“နှုတ်ကပတ်တော်ကို ဖွင့်ပြခြင်းသည် အလင်းကိုပေး၍၊ မလိမ္မာသောသူတို့ကို လိမ္မာစေတတ်ပါ၏”* (ဆာလံ ၁၁၉:၁၃၀)။ ခေတ်အဆက်ဆက် မှန်ကန်သော ပညာအဆိုအမိန့်ကို သမ္မာကျမ်းစာရှိ သုတ္တံကျမ်းထဲတွင် တွေ့ရသည်။

သမ္မာကျမ်းစာသည် ဆင်းရဲဒုက္ခ ခံရစဉ်ကာလအတွင်း ကျွန်ုပ်တို့ကို ဖေးမပေးပါသည်။ ဆာလံ ၁၁၉:၅၀ က၊ *“ဗျာဒိတ်တော်အားဖြင့် အကျွန်ုပ်အသက်ရှင်သည်ဖြစ်၍၊ ဆင်းရဲကိုခံရစဉ်တွင်၊ ထိုနှုတ်ကပတ်တော်သည် အကျွန်ုပ်သက်သာစရာအကြောင်း ဖြစ်ပါ၏”* ဟုခွန်အားပေးပါသည်။

သမ္မာကျမ်းစာသည် မျှော်လင့်ချက်ကို ပေးပါသည်။ *“ငါတို့သည် ကျမ်းစာ၌ပါသောသည်းခံခြင်း၊ သက်သာခြင်းအကြောင်းများကိုအမှီပြု၍ မျှော်လင့်ရသော အခွင့်ရှိစေခြင်းငှာ၊ ကျမ်းစာ၌ အထက်ကရေးထားသမျှသည် ငါတို့ကို ဆုံးမဩဝါဒပေး၍ ရေးထားသတည်း။”* (ရောမ ၁၅:၄)

သမ္မာကျမ်းစာသည် ငြိမ်သက်ခြင်းကို ပေးပါသည်။ ဆာလံ ၁၁၉:၁၆၅ တွင်၊ *“တရားတော်ကိုနှစ်သက်သောသူတို့၌ ကြီးစွာသောငြိမ်ဝပ်ခြင်းရှိပါ၏။ သူတို့ စိတ်ပျက်စရာအကြောင်းမရှိပါ”* ဟုကတိတော်ကို ပေးပါသည်။

သမ္မာကျမ်းစာသည် ဝမ်းမြောက်ခြင်းကို ပေးပါသည်။ ယေရမိ ၁၅:၁၆ က၊ *“နှုတ်ကပတ်တော်သည် အကျွန်ုပ် ဝမ်းမြောက်ရွှင်လန်းစရာအကြောင်း ဖြစ်ပါ၏။ နာမတော်ဖြင့် အကျွန်ုပ်ကို ခေါ်ဝေါ်ပါ၏”* ဟုပုံဥပမာကို ပေးပါသည်။

**တစ်စုံတစ်ယောက်က သမ္မာကျမ်းစာကို မည်သို့ဖတ်ရှု နားထောင်နိုင်မည်နည်း။** ကျမ်းချက်တစ်ခုကို ဆင်ခြင်ကြည့်ပါ။ *“ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူသော အားဖြင့်ဖြစ်၍၊”* (၂ တိမောသေ ၃:၁၆) ဟူသော ကျမ်းချက်၏ ရည်ရွယ်ချက်ကို ဆင်ခြင်ပါ။ ဤကျမ်းပိုဒ်ကို ဖတ်ရှု၍ နားထောင်သည့်အခါ အောက်ပါမေးခွန်း လေးခုကို မေးပါ။ ဤကျမ်းပိုဒ်က မိမိအတွက် ဘာကိုသင်ပေးသလဲ။ ဤကျမ်းပိုဒ်က မည်သည့်အပြစ်ကို ဖော်ပြပေးသလဲ။ မည်သည့်နေရာတွင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် လိုအပ်သလဲ။ ဤကျမ်းပိုဒ်က ပို၍ဖြောင့်မတ်သောသူ ဖြစ်လာစေရန် မည်သို့သွန်သင်ပေးသလဲ။

**ကျွန်ုပ်၌ သမ္မာကျမ်းစာအုပ် မရှိပါက ဘာလုပ်ရမလဲ။** သမ္မာကျမ်းစာ ဘာသာပြန် စာအုပ်ကောင်း တစ်အုပ်ကို ဝယ်ယူနိုင်ရန် ကြိုးပမ်းသင့်ပါသည်။ သင်၌ သမ္မာကျမ်းစာအုပ်ကို ဝယ်ယူရန် မတတ်နိုင်ပါက အွန်လိုင်းပေါ်တွင် အခမဲ့ ဖတ်ရှု၊ နားဆင်နိုင်သော နေရာများစွာ ရှိပါသည်။ သင်၏သူငယ်ချင်းတစ်ဦး သို့မဟုတ် သူငယ်များနှင့်အတူ သမ္မာကျမ်းစာအုပ် တစ်အုပ် ဝယ်ယူကာ မျှဝေသုံးစွဲရန် ကြိုးပမ်းနိုင်ပါသည်။ သင်၏အသင်းတော်ထဲ သို့မဟုတ် ယုံကြည်သူမိတ်ဆွေများမှ တစ်ဦးက သမ္မာကျမ်းစာကို အဖွဲ့အတွက် အသံထွက်ဖတ်စေ၍ သေချာစွာ နားထောင်ပါ။ *“ကိုယ်တော်က၊ ဘုရားသခင်၏ နှုတ်ကပတ်တရားတော်ကို နာ၍ ကျင့်စောင့်သောသူသည် မြတ်စွာသော မင်္ဂလာရှိသည်ဟု မိန့်တော်မူ၏။”* (လုကာ ၁၁:၂၈)

**ကျမ်းစာသင်ဆရာများနှင့် ခေါင်းဆောင်များအတွက် ထူးခြားအရေးပါသော ကျမ်းပိုဒ်များမှာ ဘယ်အရာများ ဖြစ်သလဲ။** နှုတ်ကပတ်တော်၌ တည်နေ (အသက်ရှင်) ၍ ယေရှုခရစ်၏ တပည့်တော်ဖြစ်စေကြလော့။ *“ထိုစကားတော်ကို မိန့်တော်မူစဉ်၊ ယုဒလူများစွာတို့သည် ယုံကြည်ခြင်းသို့ ရောက်ကြ၏။ ‘ထိုအခါယေရှုက၊ သင်တို့သည် ငါ၏ဒေသနာ၌ တည်လျှင် ငါ့တပည့်အမှန်ဖြစ်ကြ၏”’* (ယောဟန် ၈:၃၁)။ သမ္မာကျမ်းစာကို မှန်ကန်စွာ ပိုင်းခြားတတ်နိုင်စေရန် လေ့လာပါ။ *“သင်မူကား၊ ဝန်ခံတော်မူသောသူ၊ ရှက်ကြောက်စရာအကြောင်းမရှိဘဲ၊ သမ္မာတရားကို မှန်ကန်စွာ ပိုင်းခြားတတ်သော ဆရာသမားဖြစ်လျက်၊ ဘုရားသခင့်ရှေ့၌ ကိုယ်ကိုကိုယ် ဆက်သခြင်းငှာ ကြိုးစားအားထုတ်လော့။”* (၂ တိမောသေ ၂:၁၅)

**သမ္မာကျမ်းစာသည် ထာဝရကာလအတွက် ဘာကြောင့် အလွန်အရေးပါသလဲ။** တမန်တော်ယောဟန်က သူ၏ခရစ်ဝင်ကျမ်း ရေးသားရခြင်း ရည်ရွယ်ချက်ကို ရှင်းပြထားပါသည်။ ထိုရည်ရွယ်ချက်မှာ သမ္မာကျမ်းစာ တစ်ခုလုံးအတွက် ရည်ညွှန်း သက်ဆိုင်ပါသည်။ *“ဤကျမ်းစာ၌ ရေး၍မထားသော အခြားနိမိတ်လက္ခဏာအများတို့ကိုလည်း ယေရှုသည် တပည့်တော်တို့မျက်မှောက်၌ ပြတော်မူ၏။ ယေရှုသည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏သားတော် ဖြစ်တော်မူသည်ကို သင်တို့သည် ယုံမည်အကြောင်း၊ ထိုသို့ယုံ၍ နာမတော်အားဖြင့် အသက်ကိုရမည်အကြောင်း၊ ဤမျှလောက် ရေးထားလျက် ရှိသတည်း”* (ယောဟန် ၂၀:၃၀–၃၁)။ ယေရှုခရစ်ကို မည်ကဲ့သို့ လက်ခံယုံကြည်၍ ထာဝရအသက်ကို ရရှိနိုင်မလဲ။ ၎င်းအတွက် အဖြေကို ရှာဖွေရန် www.Gospel316.org သို့ဝင်ရောက်လေ့လာပါ။

**“မြက်ပင်သည် ညှိုးနွမ်းသွေ့ခြောက်တတ်၏။ အပွင့်လည်း ကြွေတတ်၏။ ထာဝရဘုရား၏ နှုတ်ကပတ်တရားမူကား၊ ကာလစဉ်အမြဲတည်၏ဟု ဆိုသတည်း။” (ဟေရှာယ ၄၀:၈)**

*သမ္မာကျမ်းစာ ဆိုတာဘာလဲ?* © ၂၀၂၅ ခုနှစ်ထုတ်၊ John D. Morris III ရေးသားသော စာအုပ်ကို Acts One Eight မှ ထုတ်ဝေသည်။ ရေးသားချက်အကြောင်းအရာ အပြည့်အစုံကို ဖြည့်စွက် ပြောင်းလဲခြင်းမရှိလျှင် လွတ်လပ်စွာ ပုံနှိပ်ခြင်း၊ ကူးယူခြင်း၊ ပို့စ်တင်ခြင်း၊ အီးမေးလ်ပို့ခြင်း သို့မဟုတ် စာတိုပို့ခြင်းတို့ ပြုလုပ်နိုင်ပါသည်။ စာမျက်နှာ (၁) ထိပ်ဆုံးတွင် သင်၏သာသနာ၊ အသင်းတော်အမည်၊ တံဆိပ်တို့ကို ထည့်သွင်း၍၊ စာမျက်နှာ (၂) အောက်ခြေလိုင်းရှိ မျဉ်းအထက်တွင် ဆက်သွယ်ရန်လိပ်စာကို ထည့်သွင်းထားနိုင်ပါသည်။ Bible316 သည် သမ္မာကျမ်းစာ တစ်ခုတည်းကိုသာ အခြေခံထားပြီး၊ လူများစွာ ယေရှုခရစ်ကို ယုံကြည်လာစေရန်နှင့် တပည့်တော်အဖြစ် ရှင်သန်ကြီးထွားလာစေရန် ပံ့ပိုးပေးလျက် ရှိသည်။ Acts One Eight သို့အီးမေးလ်ပို့လိုပါက (အင်္ဂလိပ်ဘာသာဖြင့်သာ) Hello@Mail316.org သို့ပေးပို့နိုင်ပါသည်။ အင်္ဂလိပ်စာဖြင့် မဟုတ်သော အခြားဘာသာပြန် အတွက် ဘာသာပြန် ဝန်ဆောင်မှုကို www.ChristianLingua.com မှပံ့ပိုးပေးထားသည်။ သမ္မာကျမ်းစာ ဆိုတာဘာလဲ? ကို www.Bible316.org တွင် ဘာသာစကား ၄၈ မျိုးဖြင့် အခမဲ့ရရှိနိုင်ပါသည်။ အင်္ဂလိပ်ဘာသာအတွက် ကျမ်းပိုဒ်ကိုးကားချက်များသည် The Lockman Foundation ၏ New American Standard Bible 1995 ထဲမှ ကောက်နှုတ်ထားပါသည်။ ဤဘာသာပြန်တွင် ကျမ်းပိုဒ် ကိုးကားချက်များသည် ယုဒသန်သမ္မာကျမ်းစာထဲမှ အသုံးပြုသည်။